dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

“ဒီဗွီဘီ ဒီဘိတ်” အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*“What are the possible new Coalitions?”*

ဖြစ်ပါတယ်။ (နိုဝင်ဘာ၊ ၂၁၊ ၂၀၁၅ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ " မြန်မာနိုင်ငံအတွက် ဘယ်လိုအစိုးရသစ်အဖွဲ့ ပေါ်ပေါက် လာမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ သမ္မတဦးသိန်းစိန် လက်ထက်တွင် အများစုဆန္ဒသဘောထားရလာဒ်များကို ထုတ်ဖော်ပေးနိုင်ခဲ့သော ၂၀၁၅ ရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့မှုကို နိုင်ငံတကာက အသိအမှတ်ပြုပေးခဲ့ပြီ ဖြစ်သည်။

ယခု ၂၀၁၅ ရွေးကောက်ပွဲမှ အပြောင်းအလဲတစ်ရပ်ထွက်ပေါ်နိုင်မှုကို မျှော်လင့်နေကြသူတို့ စိတ်ကျေနပ်နိုင်တော့မည်ဟု ခန့်မှန်းရပေသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရဖူးသည့် ၉၀ ရွေးကောက်ပွဲ အတွေ့အကြုံကြောင့် စိုးရိမ်မကင်းရှိနေကြရသည်ဟု ဆိုကြရာ ရွေးကောက်ပွဲအပြီး နိုဝင်ဘာ ၁၅ ရက်နေ့က နိုင်ငံရေးပါတီ ၆၈ ပါတီနဲ့ တွေ့ဆုံပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အတွက် စိုးရိမ်မှုမရှိရန် ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမှ ရလာဒ်များပေါ်ထွက်လာခဲ့ရာတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD မှ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ၂ ရပ်ပေါင်းနေရာ ၃၂၉ ရရှိရန်လိုအပ်သည့် အစိုးရဖွဲ့နိုင်ခွင့်အတွက် လွှတ်တော်နှစ်ရပ်ပေါင်း နေရာ ၃၉၀ ကျော်ထိ အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်သမ္မတနဲ့ ဒုသမ္မတ တစ်ယောက်ရွေးချယ်ပေးနိုင်ခွင့် အပါအဝင်  အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ခွင့်ကိုပါ ရရှိမည်ဖြစ်သည်။

သို့သော်လည်း ယခုရွေးကောက်ပွဲရလာဒ်များအရ လက်ရှိအာဏာရ ကြံ့ခိုင်ရေးပါတီဘက်မှ ဒုသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဉာဏ်ထွန်းနှင့်  ပြည်ထောင်စုဝန်ကြီး ဦးစိုးသိမ်းတို့သာ အနိုင်ရရှိခဲ့ကြပြီး ကျန်ထိပ်ပိုင်း ခေါင်းဆောင်အချို့ ရှုံးနိမ့်သွားခဲ့သည်။ တခြားတစ်ဘက်တွင်လည်း   ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်အမျိုးသားပါတီတို့မှလွဲ၍  ကျန်တိုင်းရင်းသားပါတီများ ရှုံးခဲ့ကြသည်ကို တွေ့ရပေမည်။ လုပ်နိုင်စွမ်းရှိပြီး ထောက်ခံမှု များစွာရရှိထားပြီး မရှုံးနိုင်ဟု ထည့်တွက်ထားကြသည့် ဦးသိန်းညွန့်၊ ဦးခိုင်မောင်ရည်၊ ဦးခင်မောင်ဆွေ၊ ဒေါက်တာ ညိုညိုသင်း၊ ဒေါက်တာအေးမောင်တို့လည်း ကျန်ခဲ့ရပေရာ ရခိုင်တွင် ရိုက်ခတ်မှုအချို့ပင် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေသည်။

လွှတ်တော်သစ်စတင်ရန်အချိန်နှစ်လသာလိုတော့ပြီး လွှတ်တော်သစ်အနေနဲ့ သမ္မတနှင့် တိုင်းရင်း သား ဒုသမ္မတ တစ်ဦးကို အမြန်ဆုံးရွေးချယ်ပေးရတော့မည်ဖြစ်သည်။ ထို့အပြင် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် ဒုဝန်ကြီး ၉၀ ကျော်တို့ကိုလည်း အနိုင်ရပါတီဥက္ကဋ္ဌက ရွေးချယ်ပေးမည့် သဘောရှိနေရာ မြန်မာနိုင်ငံအတွက် လာမည့် လွှတ်တော်သစ်နှင့် အစိုးရအဖွဲ့သစ်မည်သို့ ဖြစ်ပေါ်လာမည်ကို ပြည်တွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့ထိပ်တန်း နိုင်ငံများမှလည်း စိတ်ဝင်တစား စောင့်ကြည့်ကြ မည်ဖြစ်သည်။

အပြီးမသတ်သေးသည့် ငြိမ်းချမ်းရေးညှိနှိုင်းမှုများ၊ သဘာဝသယံဇာတခွဲဝေရေး၊ နိုင်ငံ့စီးပွားရေး တင်ပေးနိုင်မှု၊ ပထဝီနိုင်ငံရေးအရ အချက်အချာတွင်ရှိနေသည့် မြန်မာနိုင်ငံကို ပါးနပ်စွာ ကိုင်တွယ်နိုင်ခြင်း စသည့် အရေးများနှင့် ပေါ်ပေါက်လာမည့် အစိုးရသစ်၏ အခင်းအကျင်းကို ဖြစ်ပေါ်နိုင်ချေကို ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

## သူတို့အမြင်

"ကျွန်တော့်အနေနဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒုတိယအကြိမ် လွှတ်တော်ကျင်းပဖို့ ဖိတ်ကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ ဆောင်ရွက်ရန်ရှိတဲ့ ကိစ္စတွေကို အဆင့်ဆင့် ဆောင်ရွက်ပြီးနောက် ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့သစ်ကို စနစ်တကျတာဝန်လွှဲပေးသွားမှာ ဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်စိတ်မရှိဖို့နဲ့ တည်တည်ငြိမ်ငြိမ်နဲ့ စိုးရိမ်စိတ်မရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်တယ်"

**ဦးသိန်းစိန်** - နိုင်ငံတော်သမ္မတ

"သမ္မတ လမ်းညွှန်မှု မူဘောင်ချပေးတာလောက်ပဲ ကောင်းမယ်လို့ ကျွန်တော်က ယူဆတယ်။ သမ္မတ လုပ်ကိုင်ခွင့်ကို လုပ်ခွင့်မပေးဘဲ အသေးစိတ်ဆုံးဖြတ်ချက်တွေပေးရင်တော့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ မနိုင်မနင်းတွေ ဖြစ်နိုင်တဲ့အပြင် လွှတ်တော်နဲ့အစိုးရအဖွဲ့ကြားမှာလည်း အပြန်အလှန်ထိန်းကျောင်းမှုတွေက အခက်အခဲတွေ ဖြစ်လာနိုင်တယ်။

**ဦးရဲထွန်း** - သီပေါ၊မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)

" အခုဟာက တစ်ယောက်တည်းအယူအဆကတော့ အမျိုးသားညီညွတ်ရေး ညွှန့်ပေါင်းအစိုးရ။ ညီညွတ်ရေးက ပြိုကွဲပျက်စီးနေတာ။ နှစ် ၆၀ လုံးလုံး စုတ်ပြတ်နေတဲ့တိုင်းပြည်ကို NLD ပါတီ တစ်ခုတည်းနဲ့ မဖြစ်နိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းလည်းမလုပ်နိုင်ပါဘူး။ အမျိုးသားညီညွတ်ရေး အစိုးရပေါ့လေ။ ကြံ့ခိုင်ရေးပါတီလည်း ပါတာပေါ့။ အဲဒီပါတီထဲမှာ လည်း လူတော်လူကောင်းတွေရှိတာပဲ။ တပ်မတော်မှာလည်း စစ်အာဏာရှင်ကို ကာကွယ်တာ မဟုတ်ဘဲနဲ့ ပြည်သူလူထုကို ကာကွယ်တဲ့သူတွေ ၊ တိုင်းရင်းသားပါတီက လူတွေလည်း ပါသင့်တာပဲ။"

**ဦးသိန်းသန်းဦး** -  အထက်မြန်မာပြည် ရှေ့နေကွန်ရက် ဥက္ကဋ္ဌ

## *Information links:*

www.uniondaily.net
www.burma.irrawaddy.org
www.dvbdebate.net
www.facebook.com/dvb.debate